# တရားတော်နာဖိတ်ကြားလွှာ

တရားချစ်ခင် သူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့. . . . .
မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ အောင်းဆန်းမြို့နယ်၊ အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာကြီး၏ ဦးစီးပဓာနနာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ **ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ** အရှင်မြတ်သည်- ဓမ္မာလောကကျောင်းတိုက်တွင် မူလဖိတ်ကြားထားသည့်အစီအစဉ်အတိုင်း တရားစခန်းပွဲကို နေ့လည်(၁)နာရီမှ(၄)နာရီအထိ (၃)ရက်ကျင်းပမည်ဖြစ်ရာ မအားလပ်ကြ၍ တရားစခန်း- မဝင်နိုင်ကြသော ဓမ္မမိတ်ဆွေများ၏ တောင်းဆိုချက်အရ ညတရားပွဲဟောကြားမည်ဖြစ်၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် ၀၈-၁၇-၂၀၁၀၊ (အင်္ဂါနေ့)။
နာရီ ည(၈)နာရီ
နေရာ ဓမ္မာလောကကျောင်းတိုက်၊မီရမာမြို့၊ဖလော်ရီဒါပြည်နယ်။

မှတ်ချက်=တရားနာပရိသတ်များအတွက် မိမိတို့ ကျွေးမွေးလှူဒါန်းလိုသော အစားအစာများ ကိုလည်း တစ်ပါတည်းယူဆောင်လာနိုင်ပါသည်။

## တရားနာရသူတို့အား လက်တွေ့ရနိုင်သော အကျိုးများ

(၁)အသုတံ သုဏာတိ = မကြားဘူးသေးသော တရားစကားများကို ကြားနာရခြင်း။
(၂)သုတံ ပရိယောဒါပေတိ = ကြားဘူးပြီးသောတရားစကားများကို ရှင်းလင်းစွာသိရခြင်း။
(၃)ကင်္ခံ ဝိဟနတိ = ယုံမှားသံသယများကို ပယ်ဖျောက်နိုင်ခြင်း။
(၄)ဒိဋ္ဌိံ ဥဇုံကရောတိ = အယူဝါဒ မှန်ကန်ဖြောင့်မတ်ခြင်း။
(၅)စိတ္တမဿ ပသီဒတိ = စိတ်ကြည်လင်အေးချမ်းသာယာခြင်း။
ဆောင်ပုဒ် = မကြားစတောင်း၊ ထုံးဟောင်းကြားသိး၊ ကြားပြီးစင်စွာ၊ ကင်္ခါပျောက်ကင်း၊ ဖြောင့်စင်းအယူ၊ ကြည်ခြင်းဟူသား၊ငါးဆူမှန်ချက်၊ ကျိုးဆက်မျက်မှောက်၊ ချက်ချင်းရောက်၏။

အမှုဆောင်အဖွဲ့
ဓမ္မာလောကဗုဒ္ဓဘာသာအသင်း။